
# ACC Against COVID-19




အစီအစဉ် ( ၅၀ )

## “COVID-19 နှင့် အဂတိကင်းသောပညာသင်ကြားရေး”


တင်ပြသူ
သုသုဟန်

COVID-19 ကပ်ရောဂါ
ကာလအတွင်း ကျွန်ုပ်တို့
လူနေမှုဘဝများသည် ယခင်နှင့်
မတူဘဲ ကွဲပြားခြားနားလာ
ပါသည်။ ကပ်ရောဂါတစ်ခု
ဖြစ်ပြီဆိုရင် နိုင်ငံရေး၊ လူမှုရေး၊
ပညာရေး၊ စီးပွားရေး စသည်တို့
တုံ့ဆိုင်းစမြဲ ဖြစ်ပါတယ်။






မျက်မှောက်ကာလ ပညာသင်ကြားရေးသည်
COVID-19 ကြောင့် ယခင်စာသင်နှစ်များနှင့်မတူဘဲ
ပုံစံပြောင်းလဲကာ ဖော်ဆောင်ကြရတော့မှာ
ဖြစ်ပါတယ်။ ထိုသို့ ဖော်ဆောင်ရာမှာ
အဂတိကင်းစင်သော ပညာသင်ကြားရေးဖြစ်ဖို့
လိုအပ်ပါတယ်။ အဂတိဟု ဆိုလျှင်
လာဘ်ပေးလာဘ်ယူကိုသာ
ပြေးမြင်တတ်ကြပါတယ်။ အမှန်စင်စစ်အားဖြင့်
အဂတိတရားသည် လူ့ဘောင် အဖွဲ့အစည်းအတွင်း၌
ကွဲပြားသောသွင်ပြင်ဖြင့် နေရာယူထားလျက်
ရှိပါတယ်။





အဂတိတရားကို အများနားလည်အောင် အဓိပ္ပာယ်ဖွင့်ဆိုရလျှင် ဘက်လိုက်ခြင်းပင်ဖြစ်ပါတယ်။

လူငယ်တွေအတွက် အဂတိကင်းစင်တဲ့ ပညာရေးကိုဖော်ဆောင်ရာမှာ

ဖြောင့်မတ်တည်ကြည်မှုက စရမှာ ဖြစ်ပါတယ်။






အရာရာကိုပြောင်းလဲချင်ရင် ပညာရေးနဲ့စဖို့ အရေးကြီးပါတယ်။
လူငယ်ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မာလာလာက
“ကလေးတစ်ယောက်၊ ဆရာတစ်ဦး၊ စာအုပ်တစ်အုပ်နဲ့
ကလောင်တစ်ချောင်းဟာ ကမ္ဘာလောကကြီးကို
ပြောင်းလဲစေကြောင်း” သတိပေးခဲ့ပါတယ်။ မိမိတို့နိုင်ငံမှာ
ဖြောင့်မတ်တည်ကြည်မှုနဲ့ ပတ်သက်လို့ ယဉ်ကျေးမှုတစ်ရပ်
တည်ဆောက်ဖို့လိုအပ်ပါတယ်။



အရွယ်ရောက်လာတဲ့အခါ စာသင်ခန်းရောက်ချိန်မှာလည်း အဂတိတရားကို
အနည်းနှင့်အများကြုံတွေ့ ကြရပါတယ်။  ၎င်းအဂတိမှာ “ ဆရာမွေးခြင်း၊
တပည့်မွေးခြင်း” ပဲဖြစ်ပါတယ်။ မိမိတို့ကျင်လည်ခဲ့ရတဲ့ ပညာရေးစနစ်မှာ
ကျူရှင်ကို အားကိုးခဲ့ရပါတယ်။

အချို့ဆရာမတွေက မိမိကျူရှင်မှာ
တက်တဲ့ကျောင်းသားကိုသာ မျက်နှာသာ
ပေးတတ်ကြပါတယ်။ မိမိဆီမှာမတက်တဲ့
ကျောင်းသားကို ဂရုမစိုက်ဘဲခွဲခြား ဆက်ဆံ
တတ်ကြပါတယ်။ ဒါ့အပြင် စာတော်သူကိုသာ
စာသင်ချင်၍ စာမလိုက်နိုင်သူကို ချိုးနှိမ်တတ်ကြ
ပါသေးတယ်။ စာတော်သူကိုသာရွေးချယ်ချစ်ခင်၍
စာမလိုက်နိုင်သော ကျောင်းသားကို ဘေးဖယ်ထား
တတ်ခြင်းသည် အဂတိတရား တစ်မျိုးပင်
ဖြစ်ပါတယ်။ ဆရာစွဲ၊ တပည့်စွဲနှင့် ဘက်လိုက်သော
အရာကို အဂတိဟု မည်သူမှ သတိမထားမိကြပေ။





ယခု COVID-19 ကာလ ကျောင်းတွေပြန်ဖွင့်တဲ့ အခါမှာ ကျောင်းတက်ချိန်တွေ
ကွဲပြားလာတာနှင့် အမျှ ပညာသင်ကြားမှုပုံစံတွေလည်း ပြောင်းလဲသွားတာတွေ့ရပါတယ်။
မျက်မှောက် COVID-19 ကာလတွင် ကျောင်းသား/သူများ အဆင်ပြေချောမွေ့စွာ
ပညာသင်ကြားနိုင်မည့် အခြေအနေကောင်းရရှိရန် ကျွန်ုပ်တို့အားလုံး
ဝိုင်းဝန်းကူညီဆောင်ရွက်ရမှာ ဖြစ်ပါတယ်။





COVID-19 ကာလ ပညာသင်ကြားရာမှာ ကျောင်းသားအားလုံး အပြည့်အဝပညာ သင်ယူနိုင်စေရန် ဆရာ/ဆရာမများအားလုံးတွင် တာဝန်ရှိပါတယ်။ ဒါ့အပြင် COVID-19 ကာလအတွင်း အတန်းမတက်နိုင်သူတွေ၊ ဆက်တိုက် ပညာ မသင်ကြားနိုင်သူတွေဟာ ကျန်ခဲ့မည့်သဘောမှာရှိပြီး ဒီလို မညီမျှမှုတွေဖြစ်ပေါ်လာနိုင်တဲ့အတွက် COVID-19 အလွန် မြန်မာ့ပညာရေးအတွက် စိန်ခေါ်မှုတစ်ခုပဲ ဖြစ်ပါတယ်။ ကျောင်းများ ပြန်ဖွင့်ချိန်မှာ တပည့်များ၏ ရှေ့ဆောင်လမ်းပြဖြစ်သော ဆရာများသည်လည်း အရေးပါသောသူများ ဖြစ်ပါတယ်။

ဆရာ/ဆရာမများသည် အနာဂတ်နိုင်ငံကို
ဦးဆောင်မည့် လူ့စွမ်းအားအရင်းအမြစ်များကို
မွေးထုတ်ပေးမည့်သူများ ဖြစ်ပါတယ်။ ဆရာတွေ
ကိုယ်တိုင်လည်း တပည့်မွေးတတ်သည့်
အဂတိစိတ်ကို ကင်းနိုင်သမျှ ကင်းအောင်ကြိုးစား
ကြရမှာ ဖြစ်ပါတယ်။ အဂတိတရားကြောင့်
အမှန်တရားသည် အကျဉ်းချခံရတတ်ပါတယ်။
အမှန်တရား ပျောက်ကွယ်၍ အဓမ္မမှုများပို၍
ဖြစ်ထွန်းလာရပါတယ်။  ဆက်စပ်တွေးကြည့်လျှင်
အဂတိတရားကြောင့် ဖြစ်ပေါ်လာနိုင်တဲ့
အကျိုးဆက်တွေက အလွန်ပဲများပြားလှပါတယ်။



COVID-19 ကပ်ရောဂါကာလအတွင်းမှာ အဂတိကင်းသောပညာသင်ကြားမှုဖြစ်ဖို့လိုအပ်ပါတယ်။ COVID-19 ကာလကျောင်းမှာ ချမှတ်ထားတဲ့ စည်းကမ်းဖြစ်တဲ့ Mask တပ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ လူစုလူဝေးဖြစ်ပေါ်မှုလျှော့ချခြင်း၊ (၆)ပေကွာထိုင်စေခြင်းအပြင် ၎င်းစည်းကမ်းဖောက်ဖျက်လျှင်လည်း ဘက်လိုက်မှုကင်းသော အရေးယူမှုမျိုးဖြင့် ထိန်းကျောင်းပြုပြင်ပေးသင့်ပါတယ်။



စည်းကမ်းဖောက်သည့် အထဲတွင် မိမိရဲ့
တပည့်ရင်းမို့ မျက်နှာသာပေးပြီး ခွင့်လွှတ်ခြင်းက
အခြားကျောင်းသားများ၏ အမြင်တွင် ဆရာနှင့်
ပနံသင့်လျှင် စည်းကမ်းဖောက်လို့ရသည်ဟူသော
မှားယွင်းသော အမြင်ရရှိသွားနိုင်၍
အသေးစားအဂတိမှုနှင့် မွေ့လျော်သော
ကျောင်းသားများအဖြစ် ကြီးပြင်းလာနိုင်ပါသည်။
ထိုကျောင်းသားများ အရွယ်ရောက်၍ လူ့ဘောင်
အဖွဲ့အစည်းအတွင်းသို့ ရောက်လာသည့်အခါ
အဂတိတရားသည် ပိုမိုကြီးထွားလာမှာဖြစ်ပါတယ်။





ကလေးသူငယ်ဘဝကတည်းကပင် ၎င်းတို့၏အတွင်းစိတ်ထဲက ဘက်လိုက်တတ်သည့် အဂတိအသေးစားကို ဖယ်ရှားတတ်ဖို့ လိုအပ်ပါတယ်။ သို့မှသာ နောင်မျိုးဆက်သစ်များဖြစ်သော လူငယ်တို့၏စိတ်၌ အမှန်တရားကို မြတ်နိုးတတ်မှာ ဖြစ်ပါတယ်။ ပညာသင်ကြားစဉ်ကာလကတည်းကပင် ဖြောင့်မတ်တည်ကြည်မှု စံနှုန်းများကို လူငယ်များကိုယ်တိုင်က နိုးကြားတက်ကြွစွာ ပါဝင်လိုက်နာစေခြင်းဖြင့် နောင်တစ်ချိန် ၎င်းတို့ကိုယ်တိုင်တာဝန်ယူရတဲ့အခါ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းတွေကို လိုလိုချင်ချင်ကိုင်တွယ် ထိန်းကျောင်းသွားနိုင်မှာ ဖြစ်ပါတယ်။





ဖြောင့်မတ်တည်ကြည်သော
ယဉ်ကျေးမှုတည်ဆောက်ရာမှာလည်းအတော်လေး
ခရီးတွင်နိုင်မယ်လို့ ယုံကြည်မိပါတယ်။
မကြာမီကာလအတောအတွင်းမှာလည်း
၎င်းတို့သည်လုပ်ငန်းဌာနအသီးသီး၊ အစိုးရဌာနများ
သာမက စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးသို့
ဖြောင့်မတ်တည်ကြည်မှုတန်ဖိုးကို သယ်ဆောင်
သွားနိုင်ပြီး တိုင်းပြည်၏အနာဂတ်ကို
ပုံဖော်သွားကြမှာပဲဖြစ်ပါတယ်။

COVID-19 ကာလအတွင်းမှာ ကျောင်းသားလူငယ်များ၊ ဆရာ/ဆရာမများနှင့် မိဘပြည်သူအပေါင်း အန္တရာယ်ကင်းရှင်းစွာဖြင့် COVID-19 ကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ကာ အောင်မြင်စွာကျော်ဖြတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## References


- ❖ CEO Myanmar
- ❖ The Voice Myanmar
- ❖ https://m.facebook.com/story.php?storyfbid=891920601326759&id=100015264810785 (အယ်ဒီတာ့အာဘော် DVB)


Photos Credit >> Internet